ဒီဗွီဘီ

## ဒီပဲယင်းလုပ်ကြံမှုအတွင်း သေဆုံး ထိခိုက် ဖမ်းဆီးစာရင်း ထုတ်ပြန်ပေးရန် ပြန်လည်လွတ်မြောက်လာသူ မန္တလေး တိုင်း/စည်း ဒေါ်ဝင်းမြမြ တောင်းဆို

၁၇ ၊ ဇန်နဝါရီ ၊ ၂၀၀၄

ဒီပဲယင်းလူသတ်ပွဲသည် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးဇာတ်ခုံမှ အပြီးတိုင်ချုပ်ငြိမ်းသွားအောင် လုပ်ဆောင်ခြင်း ဖြစ်ပြီး တိုက်ခိုက်မှုအတွင်းသေဆုံး၊ ထိခိုက်၊ ထောင်ချခံခဲ့ရသူများ၏ အမည်စာရင်းအတိအကျ ထုတ်ပြန်ပေးရန်လိုအပ် ကြောင်းမနေ့က ရွှေဘိုထောင်မှ ပြန်လွတ်လာသူ ဒေါ်ဝင်းမြမြက တောင်းဆိုလိုက်သည်။

ဒီပဲယင်းကိစ္စသည် အာဏာပိုင်များ၏ စနစ်တကျအကွက်ချစီစဉ်မှုဖြစ်သောကြောင့် ထိုမတရားမှုကို ဖော်ထုတ်ရန်လိုအပ် သည်ဟုလည်း မန္တလေးတိုင်း အဖွဲ့ချုပ် အမျိုးသမီးခေါင်းဆောင် ဒေါ်ဝင်းမြမြက ပြောဆိုသည်။

ဒေါ်ဝင်းမြမြသည် မေ(၃၀)ရက်နေ့ ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဒဏ်ရာအပြင်းအထန်နှင့်ဖမ်းဆီးခံခဲ့ရပြီး မနေ့က ရွှေဘိုထောင်မှ ပြန်လွတ်လာသူဖြစ်သည်။ ဒီပဲယင်းဖြစ်ရပ်မှန်များနှင့် အဆိုပါကိစ္စအပေါ် သူမ၏အမြင်သဘောထားတို့ကို သိရှိနိုင်ရန် ဒီဗွီဘီက ယနေ့ ဆက်သွယ်မေးမြန်းခဲ့သည်။မေ(၃၀)ရက်နေ့ညနေ မုံရွာမြို့မှ ထွက်ခွာလာပုံကစပြီး ဒေါ်ဝင်းမြမြ က ယခုလို စတင်ပြောဆိုသည်။

“ပထမလုံခြုံရေးကားရဲ့နောက်မှာ ဘဘ ဦးတင်ဦး ကား။ နောက်မှာ လုံခြုံရေးကားတစီး။ အဲဒီနောက်ကမှ အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ရဲ့ကား။ အဲ နောက်ထဲမှာမှ လုံခြုံရေးကားတစင်း၊ ပြီးတော့မှ အဒေါ်တို့ကားပဲ။ ဒါပေမယ့်သွားရင်းသွားရင်းနဲ့ ကားတွေက ကြားထဲမှာ ဝင်ဝင်ဝင်ဝင်လာလိုက်တာ ဒေါ်တို့ကားက နောက်ဆုံးထိရောက် သွားတယ်။ အဒေါ်တို့ကားရဲ့နောက်မှာဆိုနှစ်စင်း သုံးစင်းလောက်ပဲ ကျန်မယ့်အနေအထားမှာရှိတယ်။ အဲဒီလိုအချိန်မှာ ကျည်ရွာ (ဒီပဲယင်းနဲ့မသွားသေးခင် သူတို့ရပ်နေပုံက အကုန်လုံးက ခြေထောက်တွေကို ကားထားပြီးတော့ တုတ်ကိုင်ထား တဲ့လက်တွေကို နောက်ပစ်ထားပြီး မတ်မတ်ကြီးတွေ ရပ်နေကြတယ်။ ကားရှေ့ရောက်တော့မှ ‘ချချချချ’ဆို ဝိုင်းပြီး ရိုက်ကြတာပဲ။ သူတို့လူ သူတို့တော့မှတ်ထားတယ်။ ပိတ်ကြိုးအဖြူလေးတွေ ချည်ထားတယ်။ ပထမဆုံး ကားတွေကို ခဲလုံးတွေနဲ့ ဝိုင်းပြီး ‘ဒုန်းဒုန်း ဒုန်း’နဲ့ ထုကြတယ်။ ထုလိုက်သမျှ ကားတွေကခါ ခါသွားတာပဲ။ ရှေ့က မှန်တွေကွဲ၊ ဒေါ်ဒေါ် တို့ မျက်နှာတွေလည်း မှန်ကွဲတွေစိုက်၊ ကားမှန်တွေ အကုန်ကွဲကုန်တာပဲ။ ပြီးတော့ ‘ချချ ချချ’ဆိုပြီး တုတ်တွေနဲ့ လိုက်ရိုက်ကြတော့တာပဲ။ အဲဒီပုံစံနဲ့ပဲ အဒေါ်တို့ကားက မောင်းထွက်လိုက်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည် တို့ကားရှေ့ကို ရောက်သွားတယ်။ ဒေါ်အောင်ဆန်းစုကြည်ကားနဲ့ တခြားကားတန်းတွေ ကျန်နေရစ်ခဲ့တယ်။ ကျည်ရွာရောက်တော့ တအုပ်စုက ရိုက်ကြတာပဲ။ သူတို့က ဝိုင်းရိုက်ကြတော့ အဒေါ်တို့ကားထွက်ပေါက် မရှိတော့ဘူး။ သစ်ပင်နဲ့ ဝင်ဆောင့် မိတယ်။အဲဒီမှာတင် အဒေါ့်လက်နှစ်ဖက်လုံး ကျိုးသွားတယ်။

မေး ။ ။ ခုနက ဒေါ်အောင်ဆန်းစုကြည်တို့ကားကို ကျော်သွားတဲ့အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကားမှာ ဘယ်လို ဖြစ်ပျက်နေလဲဆိုတာပြောပြပေးပါလား။

ဒေါ်ဝင်းမြမြ ။ ။ အဒေါ့်မျက်နှာ တခုလုံးလည်းသွေးတွေရဲနေလို့ မျက်လုံးက ဘာမှ မမြင်ရတော့ဘူး။ဒါပေမယ့် မြင်ခဲ့တဲ့တဦး ပြောတာကတော့ ဒေါ်အောင်ဆန်းစုကြည်ကား မှန်ရိုက်ခွဲခံရတာကတော့ သေချာတယ်။ နောက် ဇွတ်မောင်းပြီး ထွက်သွားလိုက်ရတဲ့အပိုင်းရှိတယ်။

မေး ။ ။ တွေ့လိုက်ရတဲ့သူက ဒေါ်အောင်ဆန်းစုကြည် ဒဏ်ရာရတယ်/မရဘူးဆိုတာ သူ မြင်လိုက်ရပါသလား။

ဒေါ်ဝင်းမြမြ ။ ။ မသိလိုက်ရပါဘူး။ မှန်ကွဲသွားတာ မြင်ရတယ်။ ရှန်းရှန်းရှန်းရှန်းနဲ့ သူ့ရိုက်၊ကိုယ့်ရိုက်နဲ့ အကုန်လုံးက ပြေးကြရတာ။ ဘယ်သူ့ဘယ်သူမှ တယောက်နဲ့တယောက် မကြည့်နိုင်တော့ဘူး။ ရိုက်တဲ့လူတွေက များလွန်းအားကြီး တယ်။မှောင်လည်း မှောင်နေပြီ။ ကစဉ့်ကလျားနဲ့ပဲ။ တဖက်သတ် အရိုက်ခံရတာပဲ။ အပြန်အလှန်ရယ်လို့ လုံးလုံး မရှိဘူး။

မေး ။ ။ အဒေါ်တို့ကား အဲလို ဆက်ထွက်တဲ့အချိန်မှာ ဘေးပတ်ဝန်းကျင်ကိုကြည့်တော့ ကိုယ့်ရဲ့အဖွဲ့ဝင်တွေကို ဥပမာ... လမ်းဘေးမှာ လဲကျနေတာမျိုး၊ ဒဏ်ရာနဲ့တို့၊ သေပြီလို့ယူဆရတာတို့ တွေ့ခဲ့ရပါသလား။

ဒေါ်ဝင်းမြမြ ။ ။ တွေ့တဲ့လူတွေကတော့အများကြီး တွေ့လာခဲ့ကြရတာပဲ။ အဒေါ်ကိုယ်တိုင်ကတော့ တကိုယ်လုံး သွေးတွေရဲနေပြီး မျက်စိကဘာမှ မမြင်နိုင်တော့ဘူး။ တဖြေးဖြေးနဲ့ မှောင်လာတာပဲရှိတယ်။ ည(၈)နာရီ၊ (၉)နာရီ ဖြစ်သွားတဲ့အနေအထားမှာရှိလာတယ်။

မေး ။ ။ တွေ့လိုက်ရတဲ့လူတွေရဲ့ ခန့်မှန်းချက်အရ ဒဏ်ရာရသူ၊ သေဆုံးသူ ဘယ်လောက်လောက် ရှိမယ်လို့ ပြောပါသလဲ။

ဒေါ်ဝင်းမြမြ ။ ။ အသေးစိတ် ကိစ္စတွေကတော့ အဖွဲ့အစည်းတွင်းမှာပဲ ပြောပါရစေတော့။အသေးစိတ်ကိစ္စတွေကတော့ အဖွဲ့အစည်းအတွင်းမှာပဲ ကိုယ့်လူကြီးတွေ ထွက်လာတော့မှ တင်ပြသင့်တာတွေကို တင်ပြရမှာဖြစ်ပါတယ်။ ဘာလို့လဲဆို တော့ပြောပြီးတော့မှ အာဏာပိုင်အဖွဲ့အစည်း အနေနဲ့ကအဒေါ်တို့ကို တမျိုးတမည်မြင်လာ ထင်လာမယ်ဆိုရင် မကောင်း ဘူး။

မေး ။ ။ အဲလို အဒေါ်တို့ကား သစ်ပင်ကိုဝင်တိုက်မိပြီးတဲ့နောက် ဆေးရုံကို ဘယ်လိုရောက်သွားလဲ။ အဲဒီအချိန်မှာ အဒေါ်တို့ကို သူတို့လာခေါ်ပြီလား။

ဒေါ်ဝင်းမြမြ ။ ။ မနက်(၄)နာရီ လောက်ကျတော့ ဒဏ်ရာနည်းနည်းပါးပါးရတဲ့သူတွေကတော့ထောင်ရောက်သွားတယ်။ ဒဏ်ရာ မရတဲ့သူတွေလည်း ထောင်ရောက်သွားမယ်။ လက်ကျိုး ခေါင်းပေါက်တဲ့လူတွေကတော့ ဆေးရုံကိုရောက်သွား မယ်။သေတဲ့လူတွေကို ဘယ်လိုစီစဉ်တယ်ဆိုတာတော့မသိတော့ဘူး။ ဘာအပြစ်မှ မရှိတဲ့ ဒီလိုလူမျိုးတွေကိုတုတ်တွေနဲ့ အသေအကြေရိုက်တယ်ဆိုတာက မြင်ကွင်းမှာလည်း မကောင်းပါဘူး။ ဒီလိုမျိုးလည်း မဖြစ်သင့်ဘူး။ စိမ်ပြေနပြေကို တုတ်တွေခဲတွေနဲ့ ထုနှက်ပြီး ရိုက်သတ်နေတယ်ဆိုတာဟာ ရုပ်ရှင်တောင်မှမရိုက်သင့်ဘူး။ ပြည်သူလူထုရဲ့ထောက်ခံမှု များလွန်းအားကြီးတဲ့အပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းစွာဆောင်ရွက်နေတဲ့ နိုင်ငံရေးဇာတ်ခုံကို ချုပ်ငြိမ်း အောင်လို့ ဒီနေရာမှာ လာပြီးရိုက်သတ်တဲ့သဘောမျိုးပဲ။ အမှန်အတိုင်း အတိုချုပ်ပြောရရင်တော့ ဒါပဲ။ အဒေါ်တို့အနေနဲ့ ကတော့ အာဏာပိုင်အဖွဲ့အစည်းကိုရော၊ အဒေါ်တို့ အကြီးအကဲများကိုရော တင်ပြချင်တာကတော့ ဒီအဖြစ်အပျက်မှာ တရားခံ အစစ်တွေကို ဖော်ထုတ်ပေးဖို့နဲ့ သေစာရင်း၊ နာစာရင်း၊ ထောင်ကျတဲ့လူစာရင်းတွေကို အတိအလင်း ပြုစုဖို့လို အပ်ကြောင်း တင်ပြချင်ပါတယ်။ NCGUB